## မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ အစီအစဉ်အရ ဖွင့်လှစ်သည့် “Training on use of Moving Graphics/3D for Promoting Statistical Literacy” သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**“Training on use of Moving Graphics/3D for Promoting Statistical Literacy”** သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၇-၇-၂၀၂၂ ရက်နေ့ နေ့လယ် (၁၂:၀၀) နာရီ အချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါ သင်တန်းကို ၇-၇-၂၀၂၂ ရက်နေ့မှ ၂၉-၇-၂၀၂၂ ရက်နေ့အထိ ရုံးအမှတ် (၃၂) ၊ ဗဟိုစာရင်းအင်း အဖွဲ့၏ သင်တန်းခန်းမ၌ ၁၅ ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းနည်းပြဖြစ်သူ ဆရာဦးလွင်မိုလ်က သင်ကြားပို့ချလျက်ရှိပါသည်။

### သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-

သင်တန်းသားများအနေဖြင့် မိမိတို့လုပ်ဆောင်လျက်ရှိသော လုပ်ငန်းများနှင့် သက်ဆိုင်သည့် အချက်အလက်များနှင့်စာရင်းအင်းဆိုင်ရာအချက်အလက်များကို ပုံဖော်ကာ ယင်းအချက်အလက်များကို ထင်သာမြင်သာဖြစ်စေပြီး ရုပ်လုံးကြွလာစေရန်အတွက် IT နည်းပညာသုံးကာ အချက်အလက်အသုံးပြုသူနှင့် ကြည့်ရှုသူတို့အတွက် နောက်ခံတီးလုံးနှင့်အတူ လှုပ်ရှားသက်ဝင်အောင်ဖန်တီးတတ်စေရန်နှင့် ယင်းသို့ဖန်တီးရာတွင် ရုပ်နှင့်အသံဟန်ချက်ညီစေရန် Cinema 4D ၊ Adobe Photoshop များ စနစ်တကျ အသုံးပြုတတ်စေရန် ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

### သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-

Working with Parametric Primitives ၊ UV Editing in Photoshop၊ Using Deformer ၊ Basic Lighting Techniques ၊ Material Editor and Complex 3D Project ဖြစ်ပြီး အဆိုပါ သင်ခန်းစာများအား Cinema 4D နှင့် Simple 3D Motion Graphic Project စသည်တို့ကို အသုံးပြု၍ Adobe After Effects Project ဖြင့် After Effect Camera in C4D ကို လက်တွေ့ အသုံးချနိုင်ရန် သင်ကြားပို့ချမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့မှ (၂၅) ဦး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ (၂) ဦး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ (၂) ဦးနှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ (၁) ဦး စုစုပေါင်း အရာထမ်း၊ အမှုထမ်း (၃၀) ဦး တက်ရောက်ပါသည်။